ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးများ

(၂၀၂၁)

**The Republic of the Union of Myanmar**

# Ethical Values for Civil Service Personnel

**(2021)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးများ

(၂၀၂၁)

**The Republic of the Union of Myanmar**

# Ethical Values for Civil Service Personnel

**(2021)**

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **နိဒါန်း** | ၁–၃ |
| ၁။ | ရည်ရွယ်ချက် | ၃–၄ |
| ၂။ | နိုင်ငံ့ဝန်ထမ်းများထားရှိရမည့် စံတန်ဖိုး သတ်မှတ်ချက်များ | ၅–၆ |
| ၃။ | ပြည်သူ့ဗဟိုပြုနိုင်ငံ့ဝန်ထမ်းများ ဖြစ်လာစေရန် ကတိကဝတ်ပြုခြင်း | ၆–၇ |
| ၄။ | လုပ်ငန်းတာဝန်များကို ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် တိကျ မှန်ကန် မြန်ဆန်ထိရောက်စွာဆောင်ရွက်ခြင်း | ၇–၈ |
| ၅။ | ဆန်းသစ်တီထွင်နိုင်မှုနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ရှိခြင်း | ၈–၉ |
| ၆။ | ရိုးသားဖြောင့်မတ်ခြင်း၊ ဂုဏ်သိက္ခာရှိခြင်းနှင့် ယုံကြည်ထိုက်ခြင်း | ၉–၁၁ |
| ၇။ | ထူးချွန်ပြောင်မြောက်မှုနှင့် အတတ်ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရှိခြင်း | ၁၁–၁၂ |
| ၈။ | အားလုံးပါဝင်၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုရှိခြင်း | ၁၂–၁၃ |
| ၉။ | ဘက်လိုက်မှုကင်းခြင်း၊ အဂတိကင်းရှင်းခြင်း၊ တရားမျှတစွာ ဆောင်ရွက်မှုရှိခြင်း | ၁၃–၁၄ |
| ၁၀။ | ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိခြင်း | ၁၄–၁၅ |
| ၁၁။ | အထွေထွေ | ၁၅–၁၆ |
| | **နိဂုံး** | ၁၆–၁၇ |

## TABLE OF CONTENT


| Chapter | | Pages |
| --- | --- | --- |
| | **Introduction** | 1-3 |
| 1. | Objectives | 3-4 |
| 2. | Ethical Values for Civil Service Personnel | 5-6 |
| 3. | Commitment to People-centered Civil Service | 6-7 |
| 4. | Diligence, Effectiveness and Efficiency | 7-8 |
| 5. | Innovativeness and Competitiveness | 8-9 |
| 6. | Honesty, Dignity and Trustworthiness | 9-11 |
| 7. | Outstanding Competencies and Technical Competencies | 11-12 |
| 8. | Inclusive Participation and Coordination | 13-14 |
| 9. | Impartiality, Free from Corruption, and Fairness | 14-15 |
| 10. | Transparency, Responsibility and Accountability | 14-15 |
| 11. | Miscellaneous | 15-16 |
| | **Conclusion** | 16-17 |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ်၊ ၄၃ / ၂၀၂၁**

**၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်**

**(၂၀၂၁ ခုနှစ်၊ မေလ ၂၈ ရက်)**

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၁) ၏ သဘောတူညီချက်ဖြင့် ဤ ''နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် ဆိုင်ရာစံတန်ဖိုး [ Ethical Vaules for Civil Service Personnel ]''ကို ထုတ်ပြန်လိုက်သည်။

**The Republic of the Union of Myanmar**

**Union Civil Service Board**

**Notification No. 43 / 2021**

**The 3rd Waning Day of Kasone , 1383 M. E**

**( 28th May , 2021)**

The Union Civil Service Board hereby issues this Ethical Values for Civil Service Personnel in exercise of the power conferred by the sub-section (b) of Section 27 of the Union Civil Service Board Law with the approval of the Republic of the Union of Myanmar, State Administration Council, Management Committee Meeting No, ( 6 / 2021).

## နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများ

### နိဒါန်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်ထောင်စုအဆင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့်ဆင့်တွင် ဝန်ထမ်း အမျိုးအစားအလိုက် သတ်မှတ်ထားရှိသည့် ရာထူးအသီးသီး၌ တာဝန် ထမ်းဆောင်လျက်ရှိကြသော နိုင်ငံ့ဝန်ထမ်းများသည် တည်ဆဲဥပဒေများနှင့် အညီ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် ပြည်သူ့ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ သတ်မှတ်ချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၌ ပြဋ္ဌာန်း ထားပြီးဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အတတ်ပညာရပ်ဆိုင်ရာ ပြည့်စုံပြီး ဘက်လိုက်မှုကင်းရှင်းသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကောင်းမွန်သောအုပ်ချုပ်မှု၊ ဒီမိုကရေစီ စံနှုန်းများနှင့် ပြည့်စုံရန် လိုအပ်ပါသည်။ နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းပြီး အဂတိလိုက်စားမှုကင်းစင်ရမည့်အပြင် မိမိတို့အား ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် လိုအပ်သည့် ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်းများနှင့်လည်း ပြည့်စုံရန် လိုအပ်ပါသည်။

## Ethical Values for Civil Service Personnel

## Introduction

1. The civil service personnel at the different tiers of positions and serving at the Union, State/Region, District and Township levels within the Republic of the Union of Myanmar are playing as the key role in delivering the public services for the interest of the State and its people in accordance with the existing laws and regulations. The fundamental criteria for civil service personnel have already stated in the Constitution of the Republic of the Union of Myanmar (promulgated in 2008); Civil Service Personnel Law and Civil Service Personnel Rules. The competent civil service personnel provide the effective and responsive services to underpin good governance and ensure the democratic standards. Civil service personnel must be politically neutral, free from corruption, and have such other necessary criteria as academic qualifications and competencies to carry out their assigned duties and responsibilities efficiently.

၂။ ထို့အတူ မိမိတို့အား ပေးအပ်ထားသည့်တာဝန်၊ ဝတ္တရားများနှင့်အညီ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာ၌ တာဝန်ကျေပွန်စွာ ထမ်းဆောင်မှု၊ ရိုးဖြောင့်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်ဆောင်ရွက်မှု၊ သာတူညီမျှမှု၊ တန်းတူညီတူရှိမှု၊ ဘက်လိုက်ခြင်းကင်းမှု စသည့်အချက်များနှင့် ပြည့်စုံပါက ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံသည့် နိုင်ငံ့ဝန်ထမ်းကဏ္ဍတစ်ခု ပေါ်ထွန်းလာမည်ဖြစ်ပါသည်။

၃။ ဤနိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးသတ်မှတ်ချက်များသည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (င) အရ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိပါ။

၄။ ဤနိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်များသည် ယခင် ပြဋ္ဌာန်းထားရှိသော နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် ကျင့်သုံးလျက်ရှိသော စံနမူနာကောင်းများကို အခြေခံ၍ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အသီးသီးရှိ တာဝန်ရှိသူများနှင့် ပူးပေါင်းညှိနှိုင်းရေးဆွဲခဲ့ခြင်းဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းတိုင်း သိရှိလိုက်နာစောင့်ထိန်းရမည့် အဓိကစံတန်ဖိုးများပင် ဖြစ်ပါသည်။

2. It becomes an ethical and merit-based civil service only if the civil service personnel elaborate and perform their assigned duties and responsibilities in accordance with core principles of dutifulness, honesty, responsibility, accountability, transparency, inclusiveness, equity, fairness and impartiality.

3. These values are not directly concerned with Defense Services Personnel and members of Police Force according to Section 2 (e) of Civil Service Personnel Law.

4. These Ethical Values for Civil Service Personnel are derived from the existing Code of Conduct, Rules and Regulations and also meet with international best practices used world-wide, so the civil service personnel performing at the respective Services Personnel Organization shall reflect these values.

၅။ သို့ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းများသည် သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်း၊ ဝန်ထမ်းအမျိုးအစားအလိုက် လုပ်ငန်းသဘာဝအလျောက် သတ်မှတ်ထားသည့် ကျင့်ဝတ်နှင့်စည်းကမ်းများကို လိုက်နာရမည့်အပြင် ဤနိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်များကိုလည်း စောင့်ထိန်းလိုက်နာရမည်ဖြစ်ပါသည်။

## အခန်း (၁)
## ရည်ရွယ်ချက်

၆။ ဤနိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများသတ်မှတ်ရခြင်း၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) ပြည်သူများအပေါ် ပိုမိုထိရောက်ကောင်းမွန်သည့် ဝန်ဆောင်မှုများ ပံ့ပိုးပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ် ဆန်းသစ်တီထွင်ဆောင်ရွက်နိုင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရန်၊

(ခ) နိုင်ငံ့ဝန်ထမ်းများထံမှ ပြည်သူများမျှော်လင့်သည့် ပွင့်လင်းမြင်သာမှု၊ လုပ်ငန်းကျွမ်းကျင်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်ယုံကြည်အားထားရမှုများ တိုးမြှင့်လာစေရန်၊

(ဂ) နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူများအပေါ် ကောင်းမွန်သောဝန်ဆောင်မှုများ ပေးအပ်နိုင်ရေးအတွက် အထက်အောက်ဆက်ဆံရေး၊တန်းတူဆက်ဆံရေး အဆင်ပြေချောမွေ့စေမှုနှင့် အပြန်အလှန်ယုံကြည်စေမှုတည်ဆောက်ရန်အတွက် အလုပ်ဌာန ဝန်းကျင်ကောင်း ဖန်တီးပေးနိုင်ရန်၊

5. To this end, all civil service personnel shall be responsible for abiding by the specific workplace conditions, particularly stipulated by the respective Service Personnel Organization, and the provisions contained in Ethical Values for Civil Service Personnel.

## Chapter (1)
## Objectives

6. The objectives of determining Ethical Values for Civil Service Personnel are as follows:

(a) to create the civil service workforce that is continuously innovative in the interest of providing more effective and better services to the public;

(b) to increase competencies, transparency, responsibility, accountability, and trustworthiness which are expected by the public from the civil service personnel;

(c) to create the good work place that builds smooth vertical and horizontal relationship, and mutual-trust for providing the effective and responsive services to the public;

(ဃ) ပြည်သူများကို ဝန်ဆောင်မှုပေးရာတွင် ခွဲခြားဆက်ဆံမှု၊ ဘက်လိုက်မှုမရှိဘဲ တရားမျှတစွာ ဆောင်ရွက်ပေးခြင်းအားဖြင့် ကတိကဝတ်ခိုင်မာသော နိုင်ငံ့ဝန်ထမ်းကဏ္ဍဖြစ်ပေါ်လာစေရန်၊

(င) နိုင်ငံ့ဝန်ထမ်းများသည် မိမိအားပေးအပ်ထားသည့် တာဝန်နှင့်ဝတ္တရားများကို ထမ်းဆောင်ရာတွင် ပြည်သူနှင့်ဆက်ဆံရာ၌ဖြစ်စေ၊ အဖွဲ့အစည်းအတွင်းနှင့် အဖွဲ့အစည်းအချင်းချင်းဆက်ဆံရာ၌ ဖြစ်စေ၊ ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ဖြစ်စေ၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ထက်မြက်မှု၊ ရိုးသားဖြောင့်မတ်မှု၊ သစ္စာရှိမှု၊ ယုံကြည်အားထားရမှု၊ သမာသမတ်ကျမှု၊ ဆက်ဆံရေးပြေပြစ်မှုနှင့် အဂတိကင်းရှင်းမှုတို့ ရှိခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းကဏ္ဍ မြင့်မားလာစေရန်၊

(စ) အများပြည်သူနှင့်သက်ဆိုင်သော သဘာဝအရင်းအမြစ်နှင့်ရုပ်ပိုင်းဆိုင်ရာအရင်းအမြစ်များကို ရေရှည်တည်တံ့ခိုင်မြဲအောင်တာဝန်ယူထိန်းသိမ်းစောင့်ရှောက်သွားရန်၊

(ဆ) ကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးသတ်မှတ်ချက်များကို နိုင်ငံ့ဝန်ထမ်းများက လိုက်နာခြင်းအားဖြင့် ပြည်သူများအားလုံး ပါဝင်မှုရှိသော၊ တန်းတူညီမျှမှုရှိသော ခိုင်မာအားကောင်းသည့်ဒီမိုကရေစီ အသိုက်အဝန်း တစ်ရပ်ဖြစ်ပေါ်လာစေရန်၊

(d) to strengthen the commitments of the civil service by providing unbiased and fair service to the public without discrimination;

(e) to enhance the stature of the civil service sector by ensuring that civil service personnel perform their duties and responsibilities such as dealing with the public, engaging with the institutions and making decisions, with accountability, intelligence, honesty, loyalty trustworthiness, integrity, and without corruption;

(f) to ensure conservation of natural and physical resources;

(g) to establish a stronger democracy community that promotes equality and inclusivity, by ensuring that civil service personnel adhere to Ethical Values.

# အခန်း (၂)

## နိုင်ငံ့ဝန်ထမ်းများထားရှိရမည့် စံတန်ဖိုးသတ်မှတ်ချက်များ

၇။ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့် အခြားသော အဖွဲ့အစည်းဆိုင်ရာ ကျင့်ဝတ်များသည် နိုင်ငံ့ဝန်ထမ်းကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အရေးကြီးသော အစိတ်အပိုင်း တစ်ရပ်ဖြစ်ပါသည်။ အဖွဲ့အစည်း အလိုက် ချမှတ်ထားသည့် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ဆောင်ချက်များ၊ ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်ရာတွင် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်စံတန်ဖိုးများသည် ဝန်ထမ်းများကို များစွာအထောက်အကူပြုပါသဖြင့် အောက်ပါ နိုင်ငံ့ဝန်ထမ်း ကျင့်ဝတ်စံတန်ဖိုးသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရပါမည်-

(က) ပြည်သူဗဟိုပြုနိုင်ငံ့ဝန်ထမ်းများဖြစ်ရန် ကတိကဝတ်ပြုခြင်း၊

(ခ) လုပ်ငန်းတာဝန်များကို ဖွဲ၊ လုံ့လ၊ ဝီရိယဖြင့် တိကျ မှန်ကန် မြန်ဆန် ထိရောက်စွာဆောင်ရွက်ခြင်း၊

(ဂ) ဆန်းသစ်တီထွင်နိုင်မှုနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ရှိခြင်း၊

(ဃ) ရိုးသားဖြောင့်မတ်ခြင်း ဂုဏ်သိက္ခာရှိခြင်းနှင့် ယုံကြည် ထိုက်ခြင်း၊

(င) ထူးချွန်ပြောင်မြောက်မှုနှင့် အတတ်ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရှိခြင်း၊

(စ) အားလုံးပါဝင်၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုရှိခြင်း၊

# Chapter (2)

## Ethical Values for Civil Service Personnel

7. Ethical Values for Civil Service Personnel and other institutional Codes of Conduct are integral part of the sustainable development of the civil service sector. In order to implement the organizational policies, objectives and processes, the civil service personnel shall adhere to the following ethical values which support "all-encompassing" aspects on obligations and results to be feasible influence:

(a) Commitment to people-centered Civil Service;
(b) Diligence, Effectiveness and Efficiency;
(c) Innovativeness and Competitiveness;
(d) Honesty, Dignity, and Trustworthiness;
(e) Outstanding competencies and Technical competencies;
(f) Inclusive Participation and Coordination;

(ဆ) ဘက်လိုက်မှုကင်းခြင်း၊ အဂတိကင်းရှင်းခြင်း၊ တရားမျှတစွာ ဆောင်ရွက်မှုရှိခြင်း၊

(ဇ) ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိခြင်း။

## အခန်း (၃)

## ပြည်သူ့ဗဟိုပြုနိုင်ငံ့ဝန်ထမ်းများဖြစ်လာစေရန် ကတိကဝတ်ပြုခြင်း

၈။ နိုင်ငံ့ဝန်ထမ်းများသည်-

(က) ပြည်သူများ၏အကျိုးစီးပွားကို ရှေးရှု၍အလေးထား ဆောင်ရွက်ရမည်။

(ခ) သဘာဝသယံဇာတအရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေး ထိန်းသိမ်းစောင့်ရှောက်ရမည်။

(ဂ) ပြည်သူများ၏ လိုအပ်ချက်ကို မဆိုင်းမတွ တုံ့ပြန်ဖြည့်ဆည်း ပေးနိုင်ရေးနှင့် တန်းတူညီမျှမှုရှိစေရေးတို့အတွက် ပြည်သူ့ ဝန်ဆောင်မှုစံနှုန်းများ မြင့်မားစေရေးတို့ကို ဆောင်ရွက်ရမည်။

(ဃ) လူမျိုး၊ ဘာသာ၊ အဆင့်အတန်း၊ ကျား/မ ခွဲခြားမှုမရှိဘဲ ပြည်သူများ၏ လုပ်ငန်းကိစ္စရပ်များဆောင်ရွက်ရာတွင် စာနာမှု၊ ပြည်သူကို ရိုသေလေးစားမှုနှင့်အတူ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရမည်။

(g) Impartiality, free from corruption, and Fairness;

(h) Transparency, Responsibility and Accountability

## Chapter (3)
## Commitment to People-centered Civil Service

8. The Civil Service Personnel shall-

(a) perform their duties and responsibilities for the interest of the State and its people with regard;

(b) prevent the wastage and loss of natural resources;

(c) put efforts to improve the public service standards in order to respond to the needs of the people promptly;

(d) set priorities to accomplish timely the tasks with empathy and respect to the public, without discrimination on the basis of race, religion, position and sex;

(င) ပြည်သူများ၏ ယုံကြည်မှုကို ရရှိစေရန်နှင့် အနာဂတ်မျိုးဆက်သစ်များအတွက် စံပြဖြစ်နေစေရန် မိမိ၏ပြုမူဆောင်ရွက်ချက်များကို ကောင်းမွန်သော ရလဒ်ရရှိရေး သုံးသပ်စဉ်းစားဆောင်ရွက်ရမည်။

(စ) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားအတွက် ကောင်းမြတ်သည့် စိတ်စေတနာ၊ ကိုယ်ကျင့်တရားတို့ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမည်။

(ဆ) ပြည်သူ့အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေမည့် အပြုအမူများကို ရှောင်ကြဉ်ရမည်။

## အခန်း (၄)

## လုပ်ငန်းတာဝန်များကို ဖွဲ၊ လုံ့လ၊ ဝီရိယဖြင့် တိကျ မှန်ကန် မြန်ဆန် ထိရောက်စွာဆောင်ရွက်ခြင်း

၉။ နိုင်ငံ့ဝန်ထမ်းများသည်–

(က) ဝန်ထမ်းအချင်းချင်း၊ ဌာနအဖွဲ့အစည်းအချင်းချင်း ထိရောက်စွာ ချိတ်ဆက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) ပေးအပ်သောတာဝန်နှင့်ဝတ္တရားများကို လိုလားစွာဖြင့် ထိုးထွင်းကြံဆ၍ အချိန်နှင့်တစ်ပြေးညီ မှန်ကန်ပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(e) take considerations and commit to produce the good results, in order to gain the public trust and to be the role model of future generations;

(f) protect the interest of the State and its People by upholding code of conduct with good willingness;

(g) avoid any expressions and manners that cause damage to the public interest.

## Chapter (4)

## Diligence, Effectiveness and Efficiency

9. The Civil Service Personnel shall-

(a) coordinate effectively with each other, and with other departments and organizations;

(b) carry out the assigned duties and responsibilities enthusiastically and willingly in a timely manner;

(ဂ) မိမိလုပ်ငန်းတာဝန်နှင့်နှီးနွှယ်ဆက်စပ်နေသည့် ပညာရပ်ဆိုင်ရာ နယ်ပယ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်။

(ဃ) လုပ်ငန်းတာဝန်များကို အမှားအယွင်းမရှိစေရန် တိကျသေချာစွာ အလေးအနက်ထားဆောင်ရွက်ရမည်။

## အခန်း (၅)
## ဆန်းသစ်တီထွင်နိုင်မှုနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ရှိခြင်း

၁၀။ နိုင်ငံ့ဝန်ထမ်းများသည်-

(က) နိုင်ငံတော်နှင့်အဖွဲ့အစည်း၏ တိုးတက်ရေးကို ရှေးရှု၍ အရည်အချင်းပြည့်ဝနေစေရန် စဉ်ဆက်မပြတ် လေ့လာဆည်းပူး မှတ်သားနိုင်စွမ်းရှိရမည်။

(ခ) မိမိတို့၏ လုပ်ငန်းခွင်အတွေ့အကြုံများနှင့် အတတ်ပညာပိုင်းဆိုင်ရာ ဗဟုသုတများကို ပြန်လည်မျှဝေ ပေးနိုင်စွမ်း ရှိရမည်။

(ဂ) မိမိအဖွဲ့အစည်းအတွက် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှု ရှိရမည့်အပြင် ခေတ်နှင့်လျော်ညီသည့် အတတ်ပညာနှင့် ဆန်းသစ်တီထွင်နိုင်သည့် အတွေးအခေါ် ရှိရမည်။

(c) participate actively in the professional activities related to their duties and responsibilities;

(d) carry out the assigned duties and responsibilities seriously to ensure validity without any mistakes.

## Chapter (5)
## Innovativeness and Competitiveness

10. The Civil Service Personnel shall-

(a) study continuously in order to become the competent and dedicated personnel for the development of the State and Organization;

(b) share their work experience and technical knowledge;

(c) have functional competencies, and modernized technical skills and innovative ideas;

(ဃ) လုပ်ငန်းခွင်အခက်အခဲများကို သမားရိုးကျမဟုတ်ဘဲ ထိရောက် လျင်မြန်သော နည်းလမ်းကောင်းများဖြင့် အောင်မြင်စွာ ကြံဆဖြေရှင်းနိုင်စွမ်းရှိရမည်။

(င) နက်ရှိုင်းကျယ်ပြန့်စွာ ထိုးထွင်းသိမြင်ပြီး စဉ်းစားတွေးခေါ် ဆောင်ရွက်နိုင်စွမ်းရှိရမည်။

(စ) ဖြတ်ထိုးဉာဏ်ကောင်း၍ ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိရမည်။

## အခန်း (၆)
## ရိုးသားဖြောင့်မတ်ခြင်း၊ ဂုဏ်သိက္ခာရှိခြင်းနှင့် ယုံကြည်ထိုက်ခြင်း

၁၁။ နိုင်ငံ့ဝန်ထမ်းများသည်–

(က) ပြည်သူကို ဝန်ဆောင်မှုပေးရာတွင် ရိုးသားဖြောင့်မတ်မှုရှိရမည်။

(ခ) ကိုယ်ကျင့်တရားနှင့်ကျင့်ဝတ်သိက္ခာကို အကောင်းဆုံး စောင့်ထိန်းရမည်။

(ဂ) တာဝန်အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစား ပြုခြင်းနှင့် မလျော်ဩဇာသုံးခြင်းတို့မှ ရှောင်ကြဉ်ရမည်။

(ဃ) နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် အလွဲသုံးစားမှုမပြုရေးတို့အတွက် ထိန်းသိမ်း စောင့်ရှောက်ရမည်။

(d) be able to solve successfully the workplace problems with the effective and innovative way;

(e) be able to think deeply and broadly;

(f) have good judgment and critical thinking skills.

## Chapter (6)

## Honesty, Dignity and Trustworthiness

11. The Civil Service Personnel shall-

(a) be honest in delivering the services to the public;

(b) maintain professional and ethical conduct at best;

(c) avoid misappropriation of vested authority according to the duty and not use coercion;

(d) prevent the wastage and loss of State property and finance;

(င) အစိုးရနှင့်ပြည်သူများအကြား ကောင်းမွန်သောယုံကြည်မှုကို တည်ဆောက်ထိန်းသိမ်းနိုင်ရေး ဦးတည်ကြိုးပမ်းရမည်။

(စ) ရာထူး၊ ဌာန၊ လုပ်ငန်းတာဝန်များနှင့်ဆက်စပ်၍ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စရပ်များ ရောထွေးမှုမရှိစေရေး စောင့်ထိန်းရမည်။

(ဆ) လုပ်ငန်းခွင်အတွင်း အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ရမည်။

(ဇ) လုံခြုံမှုအဆင့်အတန်း သတ်မှတ်ထားသည့် သတင်းအချက်အလက်များ ပေါက်ကြားမှုမရှိစေရေး အထူးသတိပြုထိန်းသိမ်းရမည်။

(ဈ) ရိုးသားဖြောင့်မတ်ပြီး နိုင်ငံတော်၊ မိမိဌာနအဖွဲ့အစည်းနှင့် ပြည်သူတို့အပေါ် သစ္စာရှိရမည်။

(ည) ဌာနအဖွဲ့အစည်းက ယုံကြည်စိတ်ချစွာ တာဝန်ပေးအပ်နိုင်သူဖြစ်ရမည်။

(ဋ) ဝန်ထမ်းအချင်းချင်း၏ ယုံကြည်လေးစား အားကိုးထိုက်သူဖြစ်ရမည်။

(ဌ) မိမိဌာနအဖွဲ့အစည်းနှင့် ဝန်ထမ်းအချင်းချင်းအပေါ် အထင်အမြင် လွဲမှားစေမည့် အနေအထိုင်၊ အပြုအမူ၊ အပြောအဆိုတို့ကို ရှောင်ကြဉ်ရမည်။

(ဍ) ဌာနအဖွဲ့အစည်းဆိုင်ရာ သတင်းအချက်အလက်များကို ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုခြင်းမှ ရှောင်ကြဉ်ရမည်။

(e) make efforts to build and maintain trust between the government and the public;

(f) separate personal matters from position, department, duties and responsibilities;

(g) be free from corruption;

(h) ensure that information to which level of security classification is assigned is not disclosed;

(i) be honest, and loyal to the State, respective organization and the public;

(j) be trustworthy and able to undertake the responsibilities assigned by the department and organization;

(k) be trustworthy and respect each other;

(l) avoid behaviors and expression that may cause misunderstanding in the organization and among staff;

(m) avoid using departmental information for personal interest;

(ပ) မိမိ၏ အခွင့်အာဏာနှင့် ဆက်နွှယ်၍ မည်သည့်စီးပွားရေး လုပ်ငန်းများတွင်မျှ ကိုယ်ကျိုးစီးပွား ပါဝင်ပတ်သက်ခြင်း မပြုရ။

## အခန်း (၇)

## ထူးချွန်ပြောင်မြောက်မှုနှင့် အတတ်ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရှိခြင်း

၁၂။ နိုင်ငံ့ဝန်ထမ်းများသည် –

(က) ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးများနှင့် စီမံခန့်ခွဲမှု စွမ်းရည်များ မြင့်မားလာစေရေးအတွက် စဉ်ဆက်မပြတ် လေ့လာဆည်းပူးရမည်။

(ခ) အများပြည်သူဆိုင်ရာ မူဝါဒများနှင့် အစီအစဉ်များကို အရည်အချင်းပြည့်ဝစွာဖြင့် ချမှတ်အကောင်အထည်ဖော် နိုင်ရေး လေ့လာဆည်းပူးရမည်။

(ဂ) ပြည်သူကိုဝန်ဆောင်မှုပေးရာတွင် အမြင့်မားဆုံးသော ကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်းများဖြင့် စွမ်းဆောင်ရည် ပြည့်ဝစွာ ဆောင်ရွက်ပေးရမည်။

(ဃ) လုပ်ငန်းခွင်အတွင်း ပူးပေါင်းဆောင်ရွက်တတ်စေရေးနှင့် တာဝန်ထမ်းဆောင်မှုနှင့် စွမ်းဆောင်ရည်အခြေပြု စံသတ်မှတ် ချက်များအပေါ် အခြေခံ၍ ကျွမ်းကျင်မှုအရည်အချင်းများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် လေ့လာဆည်းပူးရမည်။

(n) not engage in any business connected to the vested authority for self-interest.

## Chapter (7)
## Outstanding Competencies and Technical Competencies

12. The Civil Service Personnel shall-
    (a) study continuously to improve leadership and management skills;
    (b) learn how to effectively implement public policies and programmes;
    (c) provide services to the public with full competencies and the highest level of expertise;
    (d) study how to cooperate in the workplace and develop the skills based on performance and competency-based criteria;

(င) ခေတ်မီဆက်သွယ်ရေးနည်းပညာများကို တတ်သိနားလည်ပြီး အသုံးချနိုင်စွမ်းရှိရမည်။

(စ) နိုင်ငံတော်နှင့် ဌာနအဖွဲ့အစည်းများမှ ထုတ်ပြန်သည့် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လေ့လာဆည်းပူးရမည်။

(ဆ) ကြီးကြပ်ကွပ်ကဲမှုအနည်းဆုံးဖြင့် လုပ်ငန်းတာဝန်များကို အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဇ) မိမိရာထူးအဆင့်အလိုက် ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရမည့်အပြင် လုပ်ဖော်ကိုင်ဖက်များကိုလည်း ကျွမ်းကျင်မှုရှိစေရန် ပံ့ပိုးကူညီပေးရမည်။

(ဈ) အရည်အချင်းပြည့်ဝနေစေရန် စဉ်ဆက်မပြတ် လေ့လာဆည်းပူး မှတ်သားဆောင်ရွက်ရမည်။

## အခန်း (၈)
## အားလုံးပါဝင်၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုရှိခြင်း

၁၃။ နိုင်ငံ့ဝန်ထမ်းများသည် –

(က) ဝန်ထမ်းရေးရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးအဆင့်အတန်း၊ အမျိုးသား၊ အမျိုးသမီး ခွဲခြားဆက်ဆံခြင်းမပြုရ။

(e) be able to understand and apply the modern communication technologies;

(f) observe the policies, law, rules, orders and directives issued by the State and organizations;

(g) be able to successfully accomplish the duties and responsibilities with minimal supervision;

(h) be able to perform the duties competently according to their respective positions and support their colleagues to become competent;

(i) learn continuously to become well- qualified.

## Chapter (8)
## Inclusive Participation and Coordination

13. The Civil Service Personnel shall-

(a) not discriminate on the basis of race, place of birth, religion, position and sex in any civil service matters;

(ခ) ဌာန၊ ဒေသ၊ ဓလေ့ထုံးတမ်းယဉ်ကျေးမှုများနှင့်အညီ လိုက်လျောညီထွေ အပြန်အလှန် လေးစားစွာ ဆက်ဆံ ဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော ပြည်တွင်း၊ ပြည်ပ အစိုးရ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါက ချမှတ်ထားသော မူဝါဒများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) မိမိအား ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက် ရာတွင် အချင်းချင်း ရိုင်းပင်းကူညီ၍ အဖွဲ့အစည်း စိတ်ဓာတ်ဖြင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရမည်။

## အခန်း (၉)
## ဘက်လိုက်မှုကင်းခြင်း၊ အဂတိကင်းရှင်းခြင်း၊ တရားမျှတစွာ ဆောင်ရွက်မှုရှိခြင်း

၁၄။ နိုင်ငံ့ဝန်ထမ်းများသည် –

(က) အဂတိတရားကင်းရှင်းစွာ အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှု ပေးရမည်။

(b) respect mutually according to the departmental, traditional and cultural practices;

(c) cooperate with, if necessary, local and international government organizations, non-governmental organizations, and private organizations in accordance with the enacted policies;

(d) cooperate with others with team spirit while undertaking the assigned duties and responsibilities.

## Chapter (9)
## Impartiality, Free from Corruption and Fairness

14. The Civil Service Personnel shall-

(a) provide services in a timely manner and free from corruption;

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ အခါအားလျော်စွာ ထုတ်ပြန်သည့် ဒေသန္တရဆိုင်ရာ အမိန့်ညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရမည်။

(ဂ) ဘက်လိုက်မှုကင်းရှင်းရမည့်အပြင် အများပြည်သူ အထင်အမြင် လွဲမှားစေနိုင်သည့် အပြုအမူ၊ အပြောအဆို တို့ကိုလည်း ရှောင်ကြဉ်ရမည်။

(ဃ) ပြည်သူများကို လေးစားမှု၊ စာနာမှုနှင့် တရားမျှတမှုတို့ဖြင့် ဆက်ဆံရမည်။

(င) ဆုံးဖြတ်ချက်များကို အချိန်နှင့်တစ်ပြေးညီ မှန်ကန်မျှတစွာ ချမှတ်ရမည်။

(စ) နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။

## အခန်း (၁၀)
## ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိခြင်း

၁၅။ နိုင်ငံ့ဝန်ထမ်းများသည် –

(က) နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် သက်ဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာမှုဖြင့် မှန်ကန်စွာ ဆောင်ရွက်ရမည်။

(b) follow the Constitution (2008), existing laws, rules, regulations, by-laws, notifications, directives, procedures, and regional orders and directives issued occasionally;

(c) avoid bias, and behaviours and expressions that may cause public misunderstanding;

(d) deal the public with respect and empathy, and treat fairly;

(e) make fair decisions in a timely manner;

(f) be free from the party-politics.

## Chapter (10)
## Transparency, Responsibility and Accountability

15. The Civil Service Personnel shall-

(a) perform the duties and responsibilities in a transparent and right manner in accordance with the related existing laws and rules, for the interest of the State and its people;

(ခ) လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် မိမိ၏ လုပ်ဆောင်ချက်များနှင့် ဆုံးဖြတ်ချက်များအတွက် တာဝန်ယူမှုနှင့် တာဝန်ခံမှု ရှိရမည်။

(ဂ) ပြည်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ စိစစ်၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်။

(ဃ) တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်ကျေမှုတို့ဖြင့် ဆောင်ရွက်ရမည်။

## အခန်း (၁၁)
## အထွေထွေ

၁၆။ ကျင့်ဝတ်ဆိုင်ရာပြဿနာများ ပေါ်ပေါက်လာပါက အနီးကပ်ကြီးကြပ်သူအရာရှိက ပြဿနာရင်းမြစ်ကို စုံစမ်း၍ ဖြေရှင်းခြင်း၊ ဆုံးဖြတ်ခြင်း သို့မဟုတ် ကျိုးကြောင်းဆီလျော်သော သုံးသပ်အကြံပြုချက်တို့ဖြင့် အထက်အဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်တင်ပြရမည်။

(b) be responsible and accountable for their actions and decisions while performing the duties;

(c) review properly and act transparently on the public report in accordance with the related existing laws, rules, procedures, policies, orders and directives;

(d) have sense of responsibility, accountability and duty.

## Chapter (11)
## Miscellaneous

16. If the ethical problems cause among the civil service personnel, the supervisor needs to investigate the sources of problems in order to solve, decide or give suggestions and then report hierarchically in a timely manner.

၁၇။ အထက်အရာရှိ အကြီးအမှူးများကလည်း မိမိလက်အောက်ဝန်ထမ်းများမှ တင်ပြလာသည့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် ရိုးသားခြင်း၊ ဖြောင့်မတ်ခြင်း၊ တရားမျှတခြင်း၊ ဘက်လိုက်မှုကင်းရှင်းခြင်းတို့ဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များနှင့်အညီ မှန်ကန်မြန်ဆန်စွာ ဖြေရှင်းဆောင်ရွက်ရမည်။

## နိဂုံး

၁၈။ ဤနိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်များကို သိရှိလိုက်နာ စောင့်ထိန်းခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် နိုင်ငံ့ဝန်ထမ်းများအပေါ် ပြည်သူများက ယုံကြည်အားထားမှု ပိုမိုရရှိစေမည့်အပြင် ဒီမိုကရေစီဖက်ဒရယ် နိုင်ငံတော်သစ် တည်ဆောက်ရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့ဘဝ သာယာဝပြောရေးတို့ကို ထိရောက်အောင်မြင်စွာ ဖော်ဆောင်နိုင်စေမည် ဖြစ်ပါသည်။

17. Senior officers must handle any problems reported by the juniors by holding principles of honesty, integrity, fairness and impartiality in accordance with the existing law, rules, regulations and orders and directives issued occasionally.

## Conclusion

18. The Civil Service Organizations and the Civil Service Personnel will gain trust of the public by observing the Ethical Values for The Civil Service and it will promote the development of the Nation, rule of law and prosperity of the public in building the New Federal Democratic Nation.

၁၉။ သို့ဖြစ်ပါ၍ ဤနိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်များသည် ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံသော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ပေါ်လာစေရေး၊ စွမ်းဆောင်ရည်ပြည့်ဝသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများဖြစ်ပေါ်လာစေရေး၊ ပိုမိုကောင်းမွန်သည့် လူမှုအဖွဲ့အစည်း ဖြစ်ပေါ်လာစေရေးတို့အတွက် အထောက်အကူပြုစေမည့် စံတန်ဖိုးများဖြစ်ပါသဖြင့် နိုင်ငံ့ဝန်ထမ်းတိုင်း သိရှိစောင့်ထိန်းလိုက်နာကြရန်လိုအပ်ပါသည်။

19. The provisions included in Ethical Values for Civil Service are the Core Values supporting the Civil Service Personnel to become the ethical and dedicated personnel, and the competent Civil Service Organizations as well as the better Society. Thus, all the Civil Service Personnel must observe the Ethical Values for Civil Service Personnel.